BURMESE

# MNPS KINDERGARTEN REGISTRATION PROCESS:

## Checklist for Families မိသားစုများအတွက် ဆောင်ရွက်ရမည့်စာရင်း

*ဤဆောင်ရွက်သွားရမည့် checklist မှာ သူငယ်တန်း နာမည်စာရင်းပေးသွင်းခြင်းလုပ်ငန်းစဉ်အား လမ်းညွှန်ရန်အတွက် အထောက်အကူပြုပါ၏။ စာသင်နှစ် ၂၀၂၅-၂၆ အတွက် သူငယ်တန်း နာမည်စာရင်းပေးသွင်းခြင်းကို ဇန်နဝါရီ ၂၇ ရက် ၊ ၂၀၂၅ ၌ စတင်ပါမည်။ အကယ်၍ မိသားစုတစ်စုမှ သူငယ်တန်းအတွက် အွန်လိုင်းဖြင့် နာမည်စာရင်းပေးသွင်းရန် အဆင်မပြေခဲ့ပါက ၊ အပို့င့်မင့်ရရှိရန်အတွက် အနီးဆုံး MNPS Enrollment Center သို့ ကျေးဇူးပြု၍ ဆက်သွယ်ပါ။ Enrollment Center ဖြင့်ပတ်သက်၍ MNPS website သို့ သွားပါ သို့မဟုတ် အနီးဆုံး Family Information Center သို့ 615-259-INFO(4636) ဖြင့် ဖုန်းခေါ်ပါ။*

### 1. သင်တို့၏ကျောင်းကို ရှာပါ

**မိသားစုများ သင်တို့၏ဇုန်ကျောင်းကို ရှာပါ။**

- **www.mnps.org** ရှိ Zone Finder ကိုအသုံးပြု၍ သင်တို့၏ဇုံကျောင်းကို ရှာနိုင်ပါသည် သို့မဟုတ် Family Information Center သို့ 615-259-INFO(4636) ဖြင့် ဖုန်းခေါ်ပါ။
- အကယ်၍ သင်တို့၏ဇုံအပြင်ဖက်မှကျောင်းတွင် ကျောင်းအပ်ချင်ပါက ၊ **MNPS School Options Application** ရှိ အသေးစိတ်အတွက် Family Information Center သို့ ဖုန်းခေါ်ပါ။ အကယ်၍ မိသားစုများသည် MNPS School Options Application လျှောက်လွှာမှတဆင့် ကျောင်းလျှောက်ခဲ့ပါက ၊ သူငယ်တန်းအတွက် သူတို့ကလေးကို နာမည်စာရင်းပေးသွင်းရန် လိုအပ်ပါသည်။

### 2. လိုအပ်သည့်စာရွက်စာတမ်းများအားလုံးကို စုထားပါ

**မိသားစုများသည် အောက်ပါတို့ကို စုစည်းထားရန် လိုအပ်ပါသည်။**

- မွေးဖွါးသည့်မှတ်တမ်း (မွေးစာရင်း၊ ပတ်စပို့၊ ဗီဇာ၊ I-94) - **ဩဂုတ် ၁၅ ရက် ၊ ၂၀၂၅ ၌ သို့မဟုတ် ၎င်းရက်မတိုင်ခင်** အသက် ၅ နှစ်ပြည့်ရမည်။
- Tennessee(TN) Immunization Record - မက်ထရိုပြည်သူ့ကျန်းမာရေးဆေးခန်းမှ သို့မဟုတ် ဆရာဝန်ထံမှ တရားဝင် TN ကာကွယ်ဆေးလက်မှတ်။
- ဆရာဝန်ဆေးစစ်ချက်သက်သေ - ကျောင်းအပ်သည့်ရက်မှ တစ်နှစ်အတွင်း ဖြစ်ရမည်။
- Davidson ကောင်တီအတွင်းနေထိုင်သူဖြစ်ကြောင်းအထောက်အထား - မိဘ/အုပ်ထိန်းသူ၏နာမည်ပါသော လက်ရှိ (ရက် ၃၀ သို့မဟုတ် ၎င်းမတိုင်ခင်) မီးခ၊ရေခ စာရွက် သို့မဟုတ် ဖုန်းဘီလ်၊အိမ်ငှါးစာချုပ် သို့မဟုတ် အိမ်ပိုင်ဆိုင်ကြောင်းစာချုပ်။
- မိဘ/အုပ်ထိန်းသူ၏ဓါတ်ပုံပါသော ID - မိဘ/အုပ်ထိန်းသူ ကိုယ်တိုင်လာရမည်။

### 3. လက်ရှိ MNPS ကျောင်းသားများ ကျောင်းအပ်ခြင်း

**လက်ရှိ MNPS ကျောင်းသားများ - မိသားစုများသည် သူငယ်တန်းအတွက် MNPS Campus Parent Portal မှတဆင့် ကျောင်းအပ်နိုင်ပါသည်။**

**အကယ်၍ သင်သည် Campus Parent Portal account အကောင့်အတွက် လက်ရှိ၌ နာမည်စာရင်းပေးသွင်းထားပါက -**

- MNPS Campus Parent Portal: campus.mnps.org/campus/portal/parents/nashville.jsp သို့ သွားပြီး သင်၏အကောင့်သို့ ဝင်ပါ။
- MNPS Campus Parent Portal မှ **Kg** ကျောင်းအပ်ခြင်း အဆင့်များမှာ -
  - **More** သို့ သွားပြီး **Online Registration** ကို ရွေးချယ်ပါ။
  - **2025-2026 Rising Kindergarten Existing Student Registration** ကို ရွေးချယ်ပါ။
  - သင့်အိမ်ထောင်စုအချက်အလက်များကို အလိုအလျောက်ဖြည့်ပေးလိမ့်မည်။ အချက်အလက်အားလုံးကို သုံးသပ်ပြီး အတည်ပြုပါ။
  - မကြာခင်မှ ထိုးထားသောကာကွယ်ဆေးမှတ်တမ်းကို Upload လုပ်ပါ။
  - ဖောင်စာရွက်ကို သုံးသပ်ပြီး ဖြည့်ပြီးသည်နှင့် ၊ submit/တင်သွင်းမည်ကို ကလစ်နှိပ်ပါ။

**Campus Parent Portal အကောင့်အတွက် လက်ရှိ၌စာရင်းမသွင်းထားခဲ့လျှင်**

- မိသားစုများသည် Campus Parent Portal account အကောင့်အတွက် sign-up လုပ်ထားရန် လိုအပ်ပါသည်။ ကျောင်းအပ်နှံရန်အတွက် www.mnps.org/students-families/familyportal သို့ သွားပါ။
- နာမည်ပေးသွင်းပြီး သင်တို့၏အကောင့်ထဲဝင်ပြီးသည်နှင့် အပေါ်မှ Kindergarten Registration steps အဆင့်များကို လိုက်နာပါ။

### 4. MNPS ကျောင်းသားသစ် ကျောင်းအပ်ခြင်း

**MNPS ကျောင်းသားသစ် ကျောင်းအပ်ခြင်း မိသားစုများသည် သူငယ်တန်းအတွက် အွန်လိုင်းတွင် နာမည်ပေးသွင်းနိုင်ပါသည်။**

- Online Registration Portal ကို အသုံးပြုပြီး အွန်လိုင်းတွင် ကျောင်းအပ်ရန် www.mnps.org/register-for-school သို့ သွားပါ။
- **အကယ်၍ အိမ်၌ အင်္ဂလိပ်စကားအပြင် နောက်ထပ်ဘာသာစကားကိုပြောဆိုပါက ၊** EL Assessment/အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုစစ်ဆေးခြင်း အပို့င့်မင့်ကို ပြုလုပ်ရန် Office of English Learners (EL) သို့ 615-259-8608 ဖြင့် ဖုန်းခေါ်နိုင်ပါသည် သို့မဟုတ် elreg@mnps.org သို့ အီးမေးလ်ပို့နိုင်ပါသည်။
- အကယ်၍ အွန်လိုင်း၌ နာမည်စာရင်းပေးသွင်းရန် အဆင်မပြေခဲ့လျှင် လူကိုယ်တိုင်လာရောက်ပြီး နာမည်စာရင်းသွင်းကျောင်းအပ်ရန်အတွက် အပို့င့်မင့်ပြုလုပ်ရန် Enrollment Center သို့ ကျေးဇူးပြု၍ ဆက်သွယ်ပါ။ ကိုယ်တိုင်ကျောင်းအပ်ခဲ့လျှင် ၊ မိဘ/အုပ်ထိန်းသူကိုယ်တိုင်လာရမည်။
- အနီးဆုံး Enrollment Center ကို ရှာတွေ့ရန်အတွက် Family Information Center သို့ 615-259-INFO (4636) ဖြင့် ဖုန်းခေါ်ပါ။
- www.mnps.org/learn/register-fr-school (အောက်သို့ ရွှေ့သွားပြီး) ကျောင်းအပ်သည့်ဗီဒီယိုကို ကြည့်ရန် QR code ကို စကင်ဖတ်ပါ -

သူငယ်တန်းအတွက် သင်တို့ကလေးကို ကူညီပြင်ဆင်ပေးရန် မှီငြမ်းစရာ အရင်းအမြစ်များနှင့်လုပ်ဆောင်မှုများဖြင့်ပတ်သက်၍ www.mnps.org/countdowntokindergarten တွင် လေ့လာပါ။

METRO NASHVILLE PUBLIC SCHOOLS

MNPS သည် ၎င်း၏အစီအစဉ်များ၊ ဝန်ဆောင်မှုများ သို့မဟုတ် ဆောင်ရွက်မှုများ၌ ဝင်ခွင့်ရရှိရန်၊ လုပ်ဆောင်အသုံးပြုရန် သို့မဟုတ် အကောင်အထည်ဖော်ရန်အတွက် လူမျိုး၊ဘာသာ၊ အယူဝါဒ၊လိင်၊ လိင်သတ်မှတ်မှု၊လိင်စိတ်ခံယူမှု၊ဇာတိနိုင်ငံ၊အသားအရောင်၊အသက်အရွယ် နှင့်/သို့မဟုတ် မသန်စွမ်းမှုစသည်တို့ကို အခြေခံပြီး ခွဲခြားဆက်ဆံခြင်း မရှိပါဘူး။ MNPS သည် အလုပ်ခန့်ခြင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုများ၌လည်း ခွဲခြားဆက်ဆံခြင်း မရှိပါဘူး။ လိုက်လျောချက်ကို တောင်းဆိုရန်အတွက် သင်တို့၏ကျောင်းအုပ် သို့မဟုတ် ဌာနမှူးကို ကျေးဇူးပြု၍ ဆက်သွယ်ပါ။ (နားမကြားသူများနှင့် အကြားအာရုံအားနည်းသူများအတွက် အစီအစဉ်မတိုင်ခင် ခုနှစ်ဆယ့်နှစ် (၇၂) နာရီ ကြိုတင်ပြီး စကားပြန်ကို တောင်းဆိုရမည်။) မေးခွန်းများ သို့မဟုတ် စိုးရိမ်မှုများအတွက် Metropolitan Nashville Public Schools ADA Coordinator, ADA@mnps.org သို့ ရည်ညွှန်းဆက်သွယ်နိုင်ပါ၏။